# နိဒါန်းများနှင့် မျှော်လင့်ခြင်းများ

INTRODUCTIONS AND EXPECTATIONS - TEA – IDMM

**နေ့စွဲ-** 08/19 (တစ်နာရီ)

**ရည်မှန်းချက်များ-** ဤသင်ခန်းစာ လုပ်ဆောင်ပြီးစီးသည့်နောက်တွင် ပါဝင်လုပ်ဆောင်သူများသည် (သင်တန်းသူ/သား)

၁. အချင်းချင်းရင်းနှီးမှု ရှိလာရန်နှင့် တစ်ဦးကိုတစ်ဦး မိမိအကြောင်းအား တခြားသူအား ပေ၄ပြောပြခြင်းဖြင့်အစပြုရန်။

၂. ဤသင်တန်းဆရာများ၏သင်တန်း(TOT) အတွက် သူတို့၏မျှော်လင့်ခြင်းများကို စာရင်းပြုစုရန် စွမ်းဆောင်နိုင်လိမ့်မည်။

**သင်တန်းမှူးများအား ခြုံငုံသုံးသပ်ချက်၊**

ရည်ရွယ်ချက်သည်ပါဝင်လုပ်ဆောင်သူများ အနားရစေခြင်းကို ကူညီရန်နှင့် တစ်ဦးကိုတစ်ဦး စတင် စကားပြောဆိုခြင်းဖြင့် ရင်းနှီးကျွမ်းဝင်မှု တည်ဆောက်နိုင်ရန် ဖြစ်သည်။

**I. နိဒါန်းများ**

ဟယ်လို၊ မင်္ဂလာပါ။ ကျွန်တော်၏နာမည်မှာ __________ဖြစ်သည်။ ကျွန်တော်သည် _________ မှလာပြီး _________သာသနာလုပ်ငန်းတွင် လုပ်ကိုင်ပါသည်။ ကျွန်တော်သည် _______ အခန်းကဏ္ဍတွင် အစေခံနေပါသည်။ ကျွန်တော်သည် အိမ်ထောင်သည်/လူလွတ်ဖြစ်ပြီး ကလေး _______ ယောက်ရှိသည်။

ပြည့်စုံသောတပည့်တော်ဖြစ်စေခြင်းလှုပ်ရှားမှုသင်တန်းမှ ကြိုဆိုပါသည်။ ဤအပတ်တွင် ကျွန်တော်တို့ သည် ကျွန်တော်တို့၏အသက်တာများ၊ကျွန်တော်တို့၏တပည့်တော်များနှင့် လူ့အသိုင်းအဝိုင်းထဲတွင် နေထိုင်ကြသော လူစုအတွက်မူလ-ရှိရင်း-အခြေသို့ပြန်ရောက်စေရန်ဘုရားသခင်၏အကြံအစည်တော်များကို လေ့လာသွားပါမည်။

ပထမဦးစွာ သင်သည်လူ့အသိုင်းအဝိုင်းအသစ်တစ်ခုထဲသို့ ဝင်ရောက်၍ ထိုအသိုင်းအဝိုင်းထဲ၌ ပါဝင်သူများနှင့်အတူ လက်ဖက်ရည်သောက်ခဲ့ခြင်း အချိန်များအကြောင်းကိုစဉ်းစားပါ။ စကားစမြည်ပြောဆို ခြင်းသည် အလေးအနက်မထားသောအရာ မှ အလေးအနက်ထားသောအရာသို့ အကြောင်းအရာများစွာ ဖြစ်ပေါ်စေသည်။လူ့အသိုင်းအဝိုင်းအသစ်တစ်ခုထဲတွင်နေထိုင်သော လူစုသည်သင်မည်သူဖြစ်သည်ကိုမေးမြန်း ပြီး သင်၏အကြောင်းကို ဝေမျှခဲ့သည်။ သူတို့သည် သင့်အားပြန်လည်၍လာလည်ရန် ဖိတ်ခေါ်ခဲ့သည်။ သင်သည် သူတို့နှင့်အတူ ချိန်သားကိုက်ခြင်း၊ မျှော်လင့်ခြင်းများနှင့် ပြုလုပ်ဆောင်ရွက်ရန်အစီအစဉ် အကြောင်းများကို ဆွေးနွေးခဲ့သည်။

**T –** ချိန်သားကိုက်ခြင်း- ဘယ်အချိန် ရောက်မည်၊ ထွက်ခွါမည်ကို ကျွန်တော်တို့အား မျှော်လင့်ခံရသလား။

E – မျှော်လင့်ခြင်းများ- ကျွန်တော်တို့ အတူတကွရှိနေချိန် အတွင်း၌ အဘယ်အရာကို ပြီးမြောက်ရန် မျှော်လင့်သနည်း။

A – ပြုလုပ်ဆောင်ရွက်ရန်အစီအစဉ်- ကျွန်တော်တို့ အတူတကွ ရရှိထားသည့်အချိန်တွင် အဘယ်ကဲ့သို့သောအစီအစဉ်ကို ရေးဆွဲနေသနည်း။

ဤအခန်းတွင် ဤအကြောင်းအရာသုံးခုအကြောင်းကို ကျွန်တော်တို့ ပြောဆိုမည်။

သို့သော်လည်း ပထမအနေဖြင့် ကျွန်တော်တို့ သည် မိမိကိုယ်မိမိမိတ်ဆက်ရန် လိုအပ်သည်။

## II. နိဒါန်းများ (၂၅")

လူများဝင်ရောက် လာ ၍ စက်ဝန်းပုံစံပတ်လည်၌ထိုင်သောအခါ အားလုံးဖတ်နိုင်ရန်လုံလောက် သောအမည်ကတ်ပြားပေါ်တွင် မိမိ၏ နာမည် ပထမ စာလုံးကိုထင်ထင်ရှားရှားရေးရန် သူတို့အားမေးပါ။

အိုက်(စ်)ဘရစ်ကာ က ဖန်တီးထားသော စက္ကူချပ်ပြားများ ဝေပေးရန်။ လိုက်ဖက်သောသူကို သူတို့ရှာဖွေရမည်။

**က. အယောက်ဆီတိုင်းသည် သူတို့မသိသောသူတစ်ဦးဦးကိုရှာဖွေပြီး အောက်ပါတို့ကို မေးရမည်။**

၁. အခြားသူသည် မည်သည့်အရပ်မှ လာသနည်း။

၂. သူတို့မိသားစုအကြောင်းတစ်စုံတစ်ရာ၊

၃. သူတို့ဘာလုပ်သည့်အကြောင်း တစ်စုံတစ်ရာ၊

**ခ. အယောက်ဆီတိုင်းသည် အဖွဲ့ထဲတွင် အခြားသူများအားမိတ်ဆက်ရန် ဖြစ်သည်။**

## III. <u>T- ချိန်သားကိုက်ခြင်း (၅")</u>

အဖွဲ့သည်နံနက်ပိုင်းတွင် မည်သည့်အချိန်တွင်စတင်လိုကြောင်းနှင့် ညနေပိုင်းတွင် ဘယ်အချိန်ပြီးမည်ကို ပြောဆိုပါ။ တစ်နေကုန်အတွက် သင်ခန်းစာခြောက်ခုရှိသည်ကို အသိ ပေးပါ။ စတင်မည့်အချိန်၊ ခဏနားချိန်နှင့် နေ့လည်စာစားမည့်အချိန်များကို အတူတကွ သဘောတူညီစေပါ။ အကယ်၍ သူတို့သည် နေ့လယ်အချိန်တွင် နားနေလိုပါက သူတို့၏ အလိုဆန္ဒများနှင့်ညီညွတ်စေရန် ကြိုးစားပါ။ လွတ်လွတ်လပ်လပ်ညှိနှိုင်းပါ။

## IV. <u>E – မျှော်လင့်ခြင်းများ(၁၅")</u>

စာရွက်အပိုင်းအစများ (သို့မဟုတ်) စက္ကူချပ်ပြားများ ဝေပေးပါ။ စာရွက်အပိုင်းအစများပေါ်တွင် မျှော်လင့်ချက်များ ၁-၂ ခုကိုရေးရန် သူတို့ အားမေးပါ။ နှစ်မိနစ်ကုန်ဆုံးသွားသောအခါ မှတ်စုစာရွက်ကိုရှေ့သို့ယူဆောင်လာပြီးကြော်ငြာစာရွက်ပေါ်တွင်ကပ်ထားရန်တောင်းဆိုပါ။

သင်တန်းမှူး/ဘာသာပြန်ပေးသူက မှတ်စုကိုဖတ်ပါ။

မျှော်လင့်ခြင်းစာများကို ကပ်ပြီးသောအခါ ခေါင်းဆောင်မှ ဤသီးခြားဖြစ်သော သင်တန်းဆရာများ၏သင်တန်းနှင့်မသက်ဆိုင်သောအရာများကို အကျဉ်းချုပ်ပြီး ညွှန်ပြပါ။ တစ်ပတ်လုံးလုံး အားလုံးတွေ့မြင်နိုင်ရန် ထို စာရွက်ကိုထိန်းသိမ်းပါ။

နောက်ဆုံးအခန်းတွင် သူတို့သည် သူတို့၏ဝေဖန်သုံးသပ်မှုကိုပြီးဆုံးစေသကဲ့သို့ သူတို့က သူတို့၏မျှော်လင့်ချက်များကို ပြန်၍ရယူလိမ့်မည်။

**V. <u>A – ပြုလုပ်ဆောင်ရွက်ရန်အစီအစဉ်နှင့် ခြုံငုံသုံးသပ်ချက် (၁၀”)</u>**

**က. <u>IDMM (ပြည့်စုံသောတပည့်တော်ဖြစ်စေခြင်းလုပ်ရှားမှု) ကို ခြုံငုံသုံးသပ်ချက်</u>**

တစ်ချို့က CHE နှင့်ရင်းနှီးမှုရှိလိမ့်မည်။ တစ်ချို့က DMM နှင့်ရင်းနှီးမှုရှိလိမ့်မည်။

ဤ IDMM သင်တန်းဆရာများ၏သင်တန်း (TOT) သည် CHE/CDE နှင့် DMM တို့၏ အခြေခံသဘောတရားများတို့ကို ပေါင်းစပ်ဖွဲ့စည်းထားပြီး၊ လူတစ်ဦးအားလုံးလိုအပ်မှုကို လိပ်မူသောအဖွဲ့ကို စတင်ရှာဖွေရန် ဖြစ်နိုင်ချေရှိသူနှင့် လူ့အဖွဲ့အစည်းရှိပါဝင်သူများနှင့်အတူ အလုပ်လုပ်ရန် ပြည့်စုံသော တပည့်တော်ဖြစ်စေခြင်းလှုပ်ရှားမှုအဖွဲ့သားကို တပ်ဆင်ပေးသည်(သို့) ထောက်ပံ့ပေးသည်။

**ခ. IDMM သင်တန်းကို ခြုံငုံသုံးသပ်ချက်**

**၁. IDMM ခြုံငုံသုံးသပ်ချက်**

IDMM မှတ်စုကို ခြုံငုံသုံးသပ်ချက် - ဤမေးခွန်းအားဆွေးနွေးပါ။

(က). ပြည့်ဝစုံလင်သောဆိုသည်မှာ အဘယ်နည်း။

၁. ပေါင်းစပ်ခဲ့သော အလုံးစုံ သို့မဟုတ် ပုံစံ

၂. ပုံဥပမာ

- မုန့်အားလုံး- ဒြပ်စင်များအားလုံးပါဝင်သည် (ဂျုံစပါး ဂျုံမှုန့် (အစေ့-အဆန်-ငယ်-စပါးမျိုး အားလုံးပါဝင်)၊ တဆေး၊ ရေ) နှင့် ထိုအရာသည် ယခုတွင် “အပြည့်အစုံ”
- ဆန်စပါးနှင့် ဟင်းချက်၊ ထိုအရာကို သင်သည်တစ်ခါတစ်ရံ မခွဲခြားနိုင်ပေ၊ သူတို့အားပန်းကန်ပြား၌ ရောနှောထားသည်။

၃. ကျွန်တော်တို့သည် တပည့်တော်ဖြစ်စေသောသူများအား တပည့်တော်ဖြစ်လာစေရန် ကျွန်တော်တို့၏ အသက်တာကဏ္ဍအသီးသီးတွင် ပေါင်းစပ်ထားမှု၏အရေးကြီးပုံကြောင်းအား လေ့လာမည်။

### ၂. IDMM ၏ကြီးမားသောရုပ်ပုံ

ရွေးယူခွင့်ရှိသော မှတ်စု

လူအတိုင်းအပိုင်းတစ်ခုထဲတွင် အလုပ်လုပ်ဆောင်ရန်နည်းစနစ်များ၊ ပေါင်းစပ်ရန် နည်းလမ်းများနှင့် ထိုလူစုကိုကူညီရန်နှင့် တပည့်တော်တို့၏အသက်တာကဏ္ဍစုံတွင် ကြီးပွါးတိုးတက်စေရန် တပည့်တော်များ စသည့်အကြောင်းကို ကျွန်တော်တို့ပြောဆိုလိမ့်မည်။ထို့အပြင် ပြောင်းလဲခဲ့သောထိုလူစုတစ်စု၏အကျိုးရလဒ်များကို ကျွန်တော်တို့သည်ကြိုတင်၍ မျှော်မှန်းနိုင်မည်။

### ၃. IDMM အကြောင်းအရာစာရင်းနှင့် အချိန်ဇယား

မှတ်စုနှင့် ပြန်၍စစ်ဆေးကြည့်ရှုခြင်း

က. နေ့ရက်တိုင်းတွင် IDMM နှင့်ဆက်နွယ်သောကျမ်းချက်ကိုကြည့်ခြင်းဖြင့် ရှာဖွေတွေ့ရှိထားသောအဖွဲ့နှင့်အတူ ကျွန်တော်တို့စတင်ပါမည်။ သင်တို့၏အချိန်ဇယားတွင် မေးခွန်းသုံးခုကို မေးမြန်းခြင်းဖြင့် အဖွဲ့၏သမ္မာကျမ်းစာအပိုင်းကိုသာ ပြုလုပ်လိမ့်မည်။

### ၄. လူ့အသိုင်းအပိုင်း၏ လမ်းညွှန်ချက်များ

က.သင်တန်းမှူးသည်သင်တို့၏သင်ယူနည်းကိုလမ်းညွှန်ပေးလိမ့်မည်။ သင်သည် စုပေါင်းအဖွဲ့ကြီးနှင့် အဖွဲ့ငယ်တွင် ပါဝင်လိမ့်မည်။

ခ. သက်တောင့်သက်သာရှိစေပြီး လွတ်လပ်စွာပါဝင်ပါ။

ဂ. စာရွက်ပေါ်တွင်ရေးရန်နှင့် ဂိမ်ကစားသည့်ကဏ္ဍတိုင်းတွင် ပါဝင်ရန် အဆင်သင့်ရှိစေပါ။

ဃ. အဖွဲ့ငယ်များတွင် အဖွဲ့အတွက် တစ်ဦးဦးက မှတ်စုရေးမှတ်ပြီး စုပေါင်းအဖွဲ့သို့ အစီရင်ခံရမည်။ ထိုကဏ္ဍကိုအလှည့်ကြလုပ်ဆောင်ရန် သို့မှသာ အားလုံးပါဝင်နိုင်မည်။

င. အောက်ပါ ကဏ္ဍများကို နေ့စဉ်လုပ်ဆောင်ရန် အသင်းတစ်သင်းနေ့စဉ် လိုအပ်သည်။

၁. နံရံ၌ အရွယ်အစားကြီးသောစာရွက်များ ကပ်ထားရန်၊

၂. အမှိုက်သရိုက်အညစ်အကြေးကို ရှင်းလင်းပြီး အခန်းကိုသန့်ရှင်းစေပါ၊ နောက်လာမည့်စာသင်ချိန်အတွက် ထိုင်ခုံများကို အစီအစဉ်တကျစီပါ။

၃. စာသင်ချိန်အဆုံးပိုင်းသို့ရောက်လာသောအခါ သင်တန်းမှူးကို အသိပေးပါ။

စ. အသင်းသုံးသင်းအား စုစည်းပါ။

၁. သုံးအထိရေပြီး အဖွဲ့များခွဲလိုက်ပါ။ သင်တို့၏အဖွဲ့အတွက် အမည်နာမတစ်ခုပေး၍ အဖွဲ့ကိုနေ့တိုင်းတာဝန်ပေးပါ။

## IV. ဆုတောင်းခြင်း (၅")

အဖွဲ့ငယ်များတွင်ဆုတောင်းပြီး သင်တန်းမှူးကအဆုံးသတ်ဆုတောင်းပါ။

၁) တစ်ပတ်သာအတွင်း ခေါင်းဆောင်များနှင့် ပါဝင်သူများအပေါ် ဘုရားသခင်၏ကျေးဇူးတော်ခံစားဖို့ရန်။

၂) ကျွန်တော်တို့၏အသိဉာဏ်နှင့် စိတ်နလုံးအား အသစ်သောအတွေးအခေါ်၊ ထင်မြင်ယူဆချက်အတွက်ဖွင့်တော်မူပါ။ ထင်ရှားကြည်လင်ပြတ်သားရန်အတွက် လိုအပ်သောနေရာတွင် နားလည်သဘောပေါက်မှုအား ရှာဖွေစေပါ။

၃) ကျွန်တော်တို့သည် ဤသင်တန်းကာလတွင် ကျန်းမာရေးကောင်းမွန်စေပြီးအခြား သူများနှင့် အဆက်အသွယ်ပြုရာ၌ ဝမ်းမြောက်စေပါ။

အညွှန်းကိုးကားခြင်းများ-

**ရပ်တည်မှု** - အားလုံးကိုကြိုဆိုပါသည်။ အဖွဲ့တွင် သက်သောင့်သက်သာခံစားရန် လိုအပ်သည်။

**ကျွမ်းကျင်မှု-** သင်တန်းသား/သူများအားလုံး လေ့လာသင်ယူရလိမ့်မည်၊ အခြားသူ၏အမည်များတစ်ခုစီကို အသုံးပြုရလိမ့်မည်။

**အကဲဖြတ်ခြင်း-** သင်တန်းသား၊သူများတို့သည် အခြားသူများနှင့် အပြန်အလှန်အကျိုးသက်ရောက်သလား။ အထူးသဖြင့် ပထမနေ့အတွင်း သို့မဟုတ် ဆက်လက်၍ အကျိုးသက်ရောက်သလား။

**တန်ဆာပလာများ-** အရွယ်အစားကြီးသောစာရွက်အချပ်များ၊ ဖောင်တိန်များ၊ တိပ်ပြား
နာမည်ရေးသည့်ကတ်ပြား
IDMM ခြုံငုံသုံးသပ်ချက်
IDMM ၏ကြီးမားသောရုပ်ပုံ
IDMM TOT အကြောင်းအရာ စာရင်း မှတ်စု

---

ဤသင်ခန်းစာကို IDMM TOT တွင်အသုံးပြုသည်။

## ပြည့်စုံသောတပည့်တော်ဖြစ်စေခြင်းလုပ်ရားမှု
## ခြုံငုံတင်ပြခြင်း

1. **တပည့်တော်ဖြစ်စေခြင်းလှုပ်ရှားမှုသည်** ဧဝံဂေလိပြုလုပ်ခြင်း၊ လူ့အဖွဲ့အစည်း/လူအုပ်စုထဲတွင် ဖြစ်နိုင်ချေရှိသောသူတစ်ဦးကိုရှာဖွေခြင်းအားဖြင့် အစပြုသောအသင်းတော်ထူထောင်ခြင်းနည်းဗျူဟာ နှင့် လူ့အဖွဲ့အစည်းရှိသူများအားလုံးထံသို့ ချစ်ခြင်းမေတ္တာ၌ ဧဝံဂေလိသတင်းကောင်း ရောက်ရှိစေခြင်းတစ်ခုဖြစ်သည်။ ဝိညာဉ်ရေးရာအမြင်ရှိလာသောသူသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို သူတို့ကြားနိုင်သောနေရာ၌ အဖွဲ့များကိုရှာဖွေခြင်း၊ ထိုနှုတ်ကပတ်တော်သည် အဘယ်သို့ပြောဆိုသည်ကို နာခံရန်ရှာခြင်းနှင့် ရှာဖွေသူများအတွက်သင်ခန်းစာအတွဲများအားဖြင့် ယေရှုအကြောင်း ရှာဖွေခြင်းကိုစတင်ပါ။ယေရှု၏နောက်လိုက်တပည့်တော်အသစ်များအားသာ၍တပည့်တော်ဖြစ်စေရန် နှင့် ရိုးစင်းသောလူထုစံဖြင့် လူစုအသစ်စုဝေးခြင်း/ အသင်းတော်သစ်ထူထောင်ခြင်းကို တိုက်တွန်း အားပေးပါ။ အဓိကသော့ချက်သည် ထူးခြားသော ဆုတောင်းခြင်းပင် ဖြစ်သည်။

2. **လူ့အဖွဲ့အစည်းကျမ်းမာစေရေးဧဝံဂေလိပြုလုပ်ခြင်း သို့မဟုတ် လူ့အဖွဲ့အစည်းဖွံ့ဖြိုးမှုပညာရေး** သည် ကျန်းမာရေးကောင်းမွန်စေခြင်း၊ ဆင်းရဲမွဲတေခြင်းမှသက်သာစေခြင်း၊ ဧဝံဂေလိပြုလုပ်ခြင်းနှင့် ယေရှုခရစ်တော်၏တပည့်တော်ဖြစ်စေခြင်းအားဖြင့် လူ့အဖွဲ့အစည်းတစ်ခုတွင် ခန္ဓာပိုင်းဆိုင်ရာ၊ စိတ်ခံစားမှုဆိုင်ရာနှင့် ဝိညာဉ်ဆိုင်ရာ လူတိုင်းလိုအပ်သောအရာနှင့်ထိတွေ့ရောက်ရှိစေရန် သာသနာလုပ်ငန်းတစ်ခုတွင် လူများကိုကူညီသောအစီအစဉ်တစ်ခုဖြစ်သည်။ ရည်မှန်းချက်ပန်းတိုင်မှာ အသက်တာပြောင်းလဲသောသူများသည် အခြားသူများကိုအကျိုးသက်ရောက်စေပြီး ထိုသူ များက ထပ်ဆင့်၍အခြားသူများကိုထပ်ဆင့်အကျိုးသက်ရောက်စေခြင်းနှင့်မိမိကိစ္စအဝဝအတွက်တာဝန်ယူ

စေရန် ဖြစ်သည်။

3. **ပြည့်စုံသောတပည့်တော်ဖြစ်စေခြင်းလုပ်ရှားမှု**သည် လူ့အဖွဲ့အစည်းကျမ်းမာစေရေးဇဝံဂေလိပြု လုပ်ခြင်း သို့မဟုတ် လူ့အဖွဲ့အစည်းဖွံ့ဖြိုးမှုပညာရေးနှင့် တပည့်တော်ဖြစ်စေခြင်းလုပ်ရှားမှုတို့ကို အဖွဲ့တစ်ခုတွင်သမ္မာကျမ်းစာကိုရှာဖွေခြင်းနှင့်အတူ ကျန်းမာရေးနှင့် လူမှုရေးအကြောင်းအရာကို လိပ်မူခြင်းဖြင့် ပေါင်းစပ်ထားသည်။ တပည့်တော်များသည် တပည့်တော်များဖြစ်စေသော တပည့်တော်များကို ဖြစ်စေသည်။ ဝင်ရောက်ချဉ်းကပ်မှုသည် လွယ်ကူပါသည်။ လူ့အဖွဲ့အစည်းထဲ ရှိသူများ ခံစားသောလိုအပ်မှုနှင့် သက်ဆိုင်သည်။ ပိုင်ဆိုင်ခဲ့ပြီးသောလူ့အဖွဲ့အစည်း သာသနာ လုပ်ငန်းသို့ ဦးဆောင်လိမ့်မည်။ ရည်မန်းချက်ပန်းတိုင်သည် ဘုရားသခင်ကိုနာခံသောတပည့်တော် များအားဖြင့် ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေရန်အတွက် ဘဝအသက်တာနှင့် လူ့အဖွဲ့ အစည်းပြောင်းလဲစေရန် ဖြစ်သည်။

ဤပြည့်စုံသောတပည့်တော်ဖြစ်စေခြင်းလုပ်ရှားမှုသင်တန်းဆရာများ၏သင်တန်းသည် လူ့အဖွဲ့ အစည်းကျမ်းမာစေရေးဇဝံဂေလိပြုလုပ်ခြင်း သို့မဟုတ် လူ့အဖွဲ့အစည်းဖွံ့ဖြိုးမှုပညာရေးနှင့် တပည့် တော်ဖြစ်စေခြင်းလုပ်ရှားမှုစည်းမျဉ်းစည်းကမ်းများကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ ၎င်းသည် လူတစ်ဦးအားလုံးလိုအပ်မှုကိုလိပ်မူသောအဖွဲ့ကိုစတင်ရှာဖွေရန် ဖြစ်နိုင်ချေရှိသူနှင့် လူ့အဖွဲ့ အစည်း ရှိပါဝင်သူများနှင့်အတူအလုပ်လုပ်ရန် ပြည့်စုံသောတပည့်တော်ဖြစ်စေခြင်းလုပ်ရှားမှုအဖွဲ့သားကို တပ်ဆင်ပေးသည်၏၊ ထောက်ပံ့ပေးသည်။

# ပြည့်စုံသောတပည့်တော်ဖြစ်စေခြင်းလှုပ်ရှားမှု (IDMM)

# Integral Disciple Making Movement (IDMM)

*(သင်ခန်းစာများသည် အတွေ့အကြုံပေါ်အခြေခံကာ ပြောင်းလဲနိုင်သည်)*

| **အချိန်** | | | |
|---|---|---|---|
| ၈:၃၀ – ၉း၀၀ * | *ဝတ်ပြုကိုးကွယ်ခြင်းနှင့် ဘုရားရှိခိုးခြင်း(တရားဆင်ခြင်ခြင်း)* ယေရှု၏မဟာစေခိုင်းချက် မဿဲ ၂၈း၁၆-၂၀ | *ဝတ်ပြုကိုးကွယ်ခြင်းနှင့် ဘုရားရှိခိုးခြင်း(တရားဆင်ခြင်ခြင်း)* ဘုရားသခင်၏အကူအညီများ ဓမ္မရာဇဝင်စတုတ္ထစောင် ၄း၁-၇ | *ဝတ်ပြုကိုးကွယ်ခြင်းနှင့် ဘုရားရှိခိုးခြင်း(တရားဆင်ခြင်ခြင်း)* အကြီးမြတ်ဆုံးပညတ်တော် လုကာ ၁၀း၂၅-၂ |
| ၉း၀၀-၁၀း၀၀ | ၁-၁ နိဒါန်းနှင့် မျှော်လင့်ခြင်းများ | ၂-၁ IDMM နှင့် ရှာဖွေထားသော အဖွဲ့ ခြုံငုံသုံးသပ်ချက် | ၃-၁ လူအသိုင်းအဝိုင်း၏ အချက်အလက် စုဆောင်းခြင်း |
| ၁၀း၀၀-၁၀း၃၀ | *ခဏနားချိန်* | | |
| ၁၀း၃၀-၁၁း၃၀ | ၁-၂ ကြီးမားသောပုံပြင် (အပိုင်း ၁) | ၂-၂ ယေရှုကဲ့သို့ဆုတောင်းရန် လေ့လာသင်ယူခြင်း | ၃-၂ ယေရှုကဲ့သို့ပြုကျင့်ရန် လူများနှင့်အတူ ချိတ်ဆက်ခြင်း |
| ၁၁း၃၀-၁၂း၃၀ | ၁-၃ ကြီးမားသောပုံပြင် (အပိုင်း ၂) | ၂-၃ သက်သာရာရခြင်းနှင့်ကြီးထွားတိုးတက်ခြင်းကိုနိုင်းယှဉ်ခြင်း | ၃-၃ ပြည့်စုံသောတပည့်တော်ဖြစ်စေခြင်း၌ သင်ကြားလေ့လာမှုလုပ်နည်း |
| ၁၂း၃၀-၂း၀၀ | *နေ့လည်ထမင်းစားချိန်* | | |
| ၂း၀၀-၃း၀၀ | ၁-၄ လူ့အသိုင်းအဝိုင်းအတွက် ဘုရားသခင် ၏ရူပါရုံ | ၂-၄ ဖြစ်နိုင်ချေရှိသောသူကို ရှာဖွေခြင်း | ၃-၄ ရုပ်မြင်အထောက်အကူများနှင့် ရုပ်ပါသော စာအုပ်များ |
| ၃း၀၀-၄း၀၀ | ၁-၅ ကောင်းသောကျမ်းမာရေး ဟူသည်ကို အဓိပ္ပါယ်ရှင်းလင်းခြင်း | ၂-၅ လောကအမြင်နှင့် ကြီးထွားတိုးတက်ခြင်း | ၃-၅ ရှာဖွေထားသောအဖွဲ့ခေါင်းဆောင်များ သင်တန်း |
| ၄း၀၀-၄း၃၀ | *ခဏနားချိန်* | | |
| ၄း၃၀-၅း၃၀ | ၁-၆ ပြည့်စုံသောတပည့်တော် ဖြစ်စေသူများကို ပွါးများစေခြင်း | ၂-၆ လူ့အသိုင်းအဝိုင်းအတွက် -လိုအပ်မှုနှင့် ထောက်ပံ့မှု | ၃-၆ ချစ်ခြင်းမေတ္တာနှင့် မျိုးစေ့ စီမံကိန်းများကို လုပ်ဆောင်ခြင်း |
| ၅း၃၀-၇း၃၀ | *ကိုယ်ပိုင်အချိန်နှင့် ညနေစာစားချိန်* | | |
| ၇း၃၀-၉း၀၀ | *ကိုယ်ပိုင်အချိန်* | *ကိုယ်ပိုင်အချိန်* | ၃-၇ ဤသင်တန်းနှင့်အတူ ကျွန်တော်တို့သည် ဘာလုပ်ဆောင်မည်နည်း။ -ဆုတောင်းခြင်းနှင့် ကိုးကွယ်ဖြင့် အဆုံးသတ်ပါ။ |

ဘုရားရှိခိုးခြင်းများ(တရားဆင်ခြင်ခြင်းများ)- ဖြစ်မြောက်အောင်ဆောင်ရွက်ပေးသူသည် အဖွဲ့ငယ်များတွင် ရှာဖွေထားသောအဖွဲ့တို့ကျင့်သားရအောင်လေ့ကျင့်ရန် ဆီလျော်သောကျမ်းပိုဒ်များကို အသုံးပြုမည်။

- ဘုရားသခင်၏အကြောင်းနှင့်ပတ်သက်၍ ကျွန်တော်တို့သည် အဘယ်အရာကိုသင်ကြားလေ့လာသနည်း။
- လူအကြောင်းနှင့်ပတ်သက်၍ ကျွန်တော်တို့ သည် အဘယ်အရာကိုသင်ကြားလေ့လာသနည်း။

- ဘုရားသခင်၏နှုတ်ကပတ်တော်ထဲမှ ကျွန်တော်တို့သင်ကြားလေ့လာသည့်အရာနှင့်အတူ ကျွန်တော်တို့သည် အဘယ်အရာကို လုပ်ဆောင်မည်နည်း။